ပျက်သုဉ်းရမည့် လူမျိုး

၂၀၀၉ အောက်တိုဘာ ၃၀ ရက်

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်၏ ဂုဏ်တော်အားဖြင့်–

ဓမ္မမိတ်ဆွေ အပေါင်းတို့ ခင်ဗျား– အခုအပါတ် ကျွန်တော် တင်ပြမယ့် ခေါင်းစဉ်က ပျက်သုဉ်းရမည့် လူမျိုးဆိုတာ ဖြစ်ပါတယ်။ ပျက်သုဉ်းတယ် ဆိုတာ– တဖြေးဖြေး ပျောက်ကွယ်သွားခြင်းကို ရည်ညွှန်းပါတယ်။

ကျွန်တော်တို့ရဲ့ ကျမ်းမြတ်ကုရ်အာန်မှာ လူမျိုးတွေ ပျက်သုဉ်းပျောက်ကွယ် သွားခဲ့တာကို မြောက်များစွာ ဖေါ်ပြထားပါတယ်။ ကိုယ်တော် လု–တ်ရဲ့ လူမျိုး၊ ကိုယ်တော် ဆွာလေဟ်ရဲ့ လူမျိုး၊ ကိုယ်တော်ရှုအိုက်ရဲ့ လူမျိုး–– စသည်ဖြင့် မြောက်များစွာကို ပမာပေးထားပါတယ်။

ဥပမာ– အားဖြင့်၊ မြန်မာနိုင်ငံမှာ ပျူလူမျိုးတွေ၊ ကမ်းယံလူမျိုးတွေ၊ သက်လူမျိုးတွေ ကွယ်ပျောက်သွား သလိုပါ။ ဒီလူမျိုးစုက လူသား အကုန်လုံးကို မြေမြှုပ်စတာ မဟုတ်ပါ။ ကောင်းကင်ကို ပျံတက်သွားကြတာလည်း မဟုတ်ပါ။– ဒါပေမယ့် ဒီလူမျိုးတွေဟာ ဒီနေ့ ကမ္ဘာပေါ်မှာ မရှိတော့ပါဘူး။ သမိုင်းအဖြစ်တော့ ကျန်နေပါသေးတယ်။ နောက်ဆိုရင် ဒဏ္ဍာရီတွေ ဖြစ်သွားတော့မှာ သေချာတယ်။

လူမျိုးတစ်မျိုးဟာ– ဘာဖြစ်လို့ ပျက်သုဉ်းသွားရတာလဲ၊ ပျက်သုဉ်းဖို့အတွက် အကြောင်းရင်းလက္ခဏာတွေက ဘာတွေလဲ၊ ဆိုတာကို ကျွန်တော်တို့ မျိုးဆက်တွေထဲက စဉ်းစားကြသူတွေ နဲပါတယ်။ မစဉ်းစားသူတွေ၊ နမော်နမဲ့နေသူတွေ၊ စဉ်းစားဖို့တောင် သတိမရသူတွေက ပိုပြီးများပါတယ်။–

ကျမ်းမြတ်ကုရ်အာံကတော့– ဒီလို အကြောင်းအရာတွေကို စဉ်းစားစေဖို့ မကြာခဏ သတိပေးပါတယ်။ စဉ်းစားပါမှ သမိုင်းကို သိလာမယ်။ သင်ခန်းစားတွေယူနိုင်မယ်။ မိမိမျိုးဆက်၊ နေက်မျိုးဆက်တွေ ဒီလို မဖြစ်ရလေအောင် သတိဆောင်နိုင်မယ် ဆိုတာကို ရည်ရွယ်ပါတယ်။

ကျမ်းတော်က– လူမျိုးတစ်မျိုး ပျက်သုဉ်းရခြင်းဟာ– အဲ့ဒီလူမျိုးရဲ့ ပျက်စီးခြင်းက စတယ်လို့ ဆိုပါတယ်။ ဆက်လက်ပြီး ပျက်စီးခြင်းရဲ့ အစက– ကျွန်စိတ်ဝင်ခြင်း ကျွန်စိတ်၌ မွေ့ပျော်နေခြင်း မိမိကျွန်ဖြစ်နေတာကို ကျွန်ဖြစ်နေမှန်း မသိခြင်း၊ ကျွန်ခံတရားအောက်မှာ သာယာပျော်ပါးနေခြင်းများ ဖြစ်တယ်လို့ သွန်သင်ပါတယ်။

လူတွေဟာ မိမိကိုယ်မိမိ ကျွန်ဖြစ်နေမှန်း မသိရင်– အဲ့ဒီလူမျိုးဟာ လူမျိုးကြီးစိတ်လို့ ခေါ်တဲ့ အယူတစ်ခုတည်း လူမျိုးစု တစ်ခုတည်း ဝါဒ သို့မဟုတ် ရွာဝါဒမှာ နစ်မွန်းပျော်ပါးနေတတ်ပါတယ်။ ဒီဉပမာကို ပုံပေါ်စေဖို့ ကျမ်းမြတ်ကုရ်အာံမှာ ကိုယ်တော်မူဆာနဲ့ သူ့လူမျိုး (ဂျူး) တွေကို ပုံဆောင်ဖေါ်ပြထားပါတယ်။

ဂျူးလူမျိုးတွေဟာ – ဖာရိုးမင်းဆက်ရဲ့ လက်အောက်မှာ မိမိတို့ကိုယ်မိမိတို့ ကျွန်ဖြစ်နေမှန်းမသိဘဲ ပျော်ပါးနေခဲ့ပါတယ်။ သူတို့ကိုယ်သူတို့ ကျွန်ဖြစ်နေမှန်း မသိဘူးဆိုတာ– သူတို့က အခုခေတ်ကျွန်တော်တို့ တွေးထင်သလို ကျေးကျွန်တွေမဟုတ်ဘူး၊ ဘဝရဲ့ ထိုက်သင့်တဲ့ လူ့အခွင့်အရေးကို မရပေမယ့်၊ စီးပွားရှာနိုင်ခဲ့တယ်– ဉစ္စာစုနိုင်ခဲ့တယ်– စတဲ့ အခွင့်အရေးတွေ ရှိနေခဲ့ပါတယ်။ ဒါကြောင့် သူတို့တွေ ကိုးကွယ်မယ့် နွားရုပ်ကို ထုလုပ်တဲ့အခါ၊ သူတို့ရဲ့ ရွှေတွေကို သုံးခဲ့တယ်လို့ ကုရ်အာံက ဆိုထားတာ မဟုတ်လား။ အခုခေတ် ကျွန်တော်တို့ထင်သလို– ကျွန်တွေ ဖြစ်နေရင်၊ သူတို့မှာ ဘယ်ကလာလို့ ရွှေတွေ ငွေတွေ ရှိနေမှာလဲ။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သူတို့တွေဟာ– ဖာရိုးနဲ့ သူ့အီဂျစ်လူမျိုးတွေရဲ့ ဝါဒအောက်မှိုင်းအောက်မှာ မှိုင်းမိကျေးကျွန်တွေသာ ဖြစ်ခဲ့တာပါ။ အဲ့ဒီခေတ် အဲ့ဒီအခါက– လူမျိုးရေးခွဲခြား ခံရတာတွေတော့ ရှိနေခဲ့ပါတယ်။ ဒါကြောင့် ကိုယ်တော်မူဆာရဲ့ လူမျိုး (ဂျူး)တစ်ဦးနဲ့ အီဂျစ်လူမျိုးတစ်ယောက် ရန်ဖြစ်တဲ့ သမိုင်းကြောင်းမှာ– ကိုယ်တော်မူဆာက သူ့လူမျိုးဘက်က ဝင်ရောက်စွပ်ဖက်မိလို့ ထွက်ပြေးခဲ့ရတဲ့အထိ ဖြစ်ခဲ့တာပါ။ (၇း၁၅၀။ ၂၀း၈၆–၈၇)

ဒါပေမယ့်– သူတို့ဟာ၊ နှစ်ပေါင်းများစွာ မှိုင်းမိခဲ့တဲ့ အီဂျစ်လူမျိုးတွေရဲ့ အယူအောက်မှာ ပျော်မွေ့နေခဲ့တာတော့ သေချာပါတယ်။ ဒါကြောင့် သူတို့ကို မျက်လုံးဖွင့်ပေးမယ့်၊ သူတို့ဘဝ ကောင်းစားရေးကို ဦးဆောင်မယ့် ကိုယ်တော်မူဆာကို သူတို့တွေ အလွယ်တကူ လက်မခံဘဲ– အာခံခဲ့တာ ဖြစ်ပါတယ်။

နောက်ဆုံး ကိုယ်တော်မူဆာက သူတို့တွေအတွက် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကယ်ထုတ်ခဲ့တာတောင်မှ– ကိုယ်တော်မူဆာကို မျိုးဆက် နှစ်ဆက်လောက်က နှစ်ခြိုက်စွာ လက်မခံခဲ့ဘူး– ဆိုတာ အထင်အရှား ပြသနေပါတယ်။ ဒါကို ကျမ်းမြတ်ကုရ်အံက နှစ်ပေါင်းလေးဆယ် ပြစ်ဒဏ်ခံရတယ်လို့ သုံးပါတယ်။ နှစ်ပေါင်း လေးဆယ်ဆိုတာ– အရွယ်ကောင်း မျိုးဆက် နှစ်ဆက်ကို ဆိုလိုတာပါ။ အဖိုးလက်ထက်က သွန်သင်ချက် မြေးလက်ထက်လောက်ရောက်မှ လက်ခံတဲ့ သဘောပါ။

ဒီနေရာမှာ– ဂျူးလူမျိုးတွေဟာ– ကိုယ်တော်မူဆာကို သူတို့ယုံကြည်တဲ့ ဘုရားရှင်တဲ့ ရစူလ် တမန်တော် (ဉာဏ်စဉ်ဆောင်) မှန်းလည်း သိတယ်၊ သူတို့အတွက် အနစ်နာခံမှန်းလည်း သိတယ်၊ ဒါပေမယ့်– သူတို့အနေနဲ့ လက်ခံရမှာ အလွန်ခက်ခဲ နေခဲ့ပါတယ်။ ဒီကြားထဲမှာ သူတို့အတွက် ဘာမှ အကျိုးမပေးနိုင်တဲ့ စာမရီ ဆိုတဲ့ လူရဲ့ စကားကိုကြတော့– ခံမငြင်း မစောကြောဘဲ– ချက်ချင်းလက်ငင်း ရွှေတွေပုံပေးပြီး ကိုးကွယ်စရာ နွားရုပ်ကို စိတ်ပါလက်ပါ ထုလုပ်ခဲ့တယ်။ နဗီ (သတင်းတော်ဆောင်) တစ်ပါးဖြစ်တဲ့– ကိုယ်တော်မူဆာရဲ့ အစ်ကို၊ ကိုယ်တော်ဟာရွန်တောင် တားမြစ် ဆုံးမလို့ မနိုင်နိုင်အောင် ဖြစ်ခဲ့ရတယ်။

ဒါ– ဘာကြောင့် ဖြစ်ရသလဲ ဆိုတာက– ရှင်းပါတယ်။ ကိုယ်တော်မူဆာက သူတို့ရဲ့ အနာဂါတ်ကောင်းစားရေး၊ နောက်မျိုးဆက်ကောင်းစားရေးကိုပြောတယ်၊– ယုတ္တိမဲ့တဲ့ မိရိုးဖလာဝါဒကို တိုက်ဖျက်တယ်။ ဒီတော့ သူတို့က အဲ့ဒီဒဏ်ကို မခံနိုင်ဘူး၊ နားဝင်မချိုဘူး– မလွန်ဆန်နိုင်လို့သာ ခေါင်းငြိမ့်ရပေမယ့်– စိတ်ပါလက်ပါ မရှိဘူး။ စာမရီက– သူတို့ရဲ့ မိရိုးဖလာဝါဒကို ရေလောင်းပေးတယ်။ မြေဩဇာကျွေးတယ်။ သူတို့ကောင်းစားရေး– သူတို့မျိုးဆက်ကောင်းစားရေးကို မစဉ်းစားဘူး၊ လောလောဆယ် သူတို့ရဲ့ အကြိုက်ကို လိုက်လျှော အတည်ပြုတယ်– ဒီတော့ သူတို့က နားဝင်ချိုတယ်၊ နာခံချင်တယ်၊ ချက်ချင်း အကောင်အထည်ဖော်ဘို့ ရှိသမျှ ရွှေငွေတွေကို ပုံအောလိုက်တော့တယ်—ဒါပဲမဟုတ်လား။ သူတို့ကိုယ် သူတို့ ကျွန်ဖြစ်မှန်း မသိဘဲ– ကျွန်ဇတ်သွင်း ဆရာတော်ကို ချက်ချင်း နာခံလိုက်တဲ့ အဖြေပါ။

လူသားတွေဟာ– လောကီရမက်၊ ဉစ္စာရမက်၊ အတ္တရမက်၊ မိရိုးဖလာရမက်တွေမှာ သည်းခြေကြိုက်ဖြစ်တယ်– ဆိုတာ အစဉ်အလာပါ။ ဒါကို အဲ့ဒီလူသားတွေရဲ့ ကိုယ်စားပြု ခေါင်းဆောင်ဆိုသူတွေ၊ သူတို့ရဲ့ ဘာသာရေးရာ ပြောရေးဆိုခွင့် ရှိသူတွေက အညှာ သိပြီးသား ဖြစ်နေတယ်။ ဘာသာရေးရာ ပြောရေးဆိုခွင့်ရ လူတန်းစားတွေကလည်း အဲ့ဒီအပေါ်မှာ စားပေါက်ချောင်ကြတယ်၊ လုပ်စားလို့ ရနေတယ်၊ တပည့်တပန်းတွေ မွေးပြီး တစ်ခန်းတစ် ကဏ္ဍာထူထောင်ပြီး လူပေါ်လူစော်လုပ်လို့ ရနေတယ်၊ ဒီတော့– နောက်လိုက် လူသားတွေရဲ့ ဘဝကောင်းစားသည် မကောင်းစားသည်ထက် အဲ့ဒီလူတွေအကြိုက် အလိုက်သင့် ပြောဟောပြီး– မိမိရဲ့စားပေါက်ချောင်နေဘို့ကို အလေးပေး စဉ်းစားကြတော့တယ်။

နောက်ဆုံးမှာ ဘာသာရေးဆိုတာကို ခေါင်းစဉ်တပ်ပြီး၊ ဘာသာရေး ဆရာတော်ဝါဒကြီးတွေ ဖန်တီးပြီး– ဘာသာရေး ခေါင်းဆောင်လူတန်းစားနဲ့ နောက်လိုက်ဒကာ လူတန်းစားရယ်လို့ သခင်နဲ့ ကျွန်လူတန်းစားလို ဖြစ်တည်လာတော့တယ်။ လူလူချင်း အဝတ်အစားလေး ပြောင်းလိုက်ရုံနဲ့ ဦးထိပ်ထား ပူဇော်ခံ အလုပ်အကျွေးပြုပေးရမယ့် လူတန်းစားလို့ ဖြစ်လာတော့တယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မင်္ဂလာဆောင်ရင် ဖတ်ရမယ့် ဂါထာ၊ အသုဘ ဖြစ်ရင် ဖတ်ရမယ့် ဂါတာ၊ အလှူအဒါန်း လုပ်ရင် ဖတ်ရမယ့် ဂါထာ၊ စတဲ့ (လူနားမလည်တဲ့ စကားနဲ့) ဂါထာလေး၊ လေးငါးမျက်နှာလောက်ကို အလွတ်ကျက်ထားပြီး– ပုံတိုပတ်စတွေကို ဇာတ်လမ်းဆင်ပြောနည်း အတတ်တွေကို လေ့လာထားလိုက်ရင်– ရွာတစ်ရွာမှာ ထိုင်စားလို့ ရတဲ့ အဆင့်ထိ ဖြစ်လာတော့တယ်။ အရပ်သူ အရပ်သား ရွာသူ ရွာသား မြို့သူ မြို့သားတွေမှာ– မဆင်ခြင်ရဲ၊ မဆင်ခြင်ကောင်း၊ မဆင်ခြင်အပ်သော သီးသန့် အရာအဖြစ် ငယ်ကြောက်စိတ်နဲ့– မိမိကိုယ်မိမိ ကျွန်ဖြစ်မှန်းမသိ ကျွန်ဖြစ်နေရတော့တယ်။

ဘယ်လောက် ပညာတတ်လို့ ခံယူပါစေ၊ ဘယ်လောက် ဒေါက်တာဘွဲ့တွေ ရထားပါစေ၊ လောကအမြင် ဘာမှ မရှိတဲ့ ဆရာတော်ဆိုသူ တစ်ဦးရှေ့ကိုရောက်ရင် ပြားပြားဝပ်နေရတော့တယ်။ အကြောင်းပြချက်က ဘာသာရေးတဲ့ဗျာ–

ဘာသာရေးလို့ သမုတ်ထားတဲ့ အဝတ်အစားကို ဝတ်ထားသူ တစ်ဦးရှေ့မှာ ပြားပြားဝပ်နေတာ ဘာသာရေးလား၊ လူတိုင်းစိတ်ပါရင် တတ်နိုင်တဲ့ ဘာသာဗေဒတစ်ခုကို တတ်ထားသူကို အလုပ်မလုပ်စေဘဲ စားရေရိက္ခာပြည့်ဆီးပေးနေတာ ဘာသာရေးလား၊ မိမိရဲ့ တွေးခေါ်ချက်ကိုတောင် လွတ်လပ်စွာ တွေးခွင့်မရဘဲ– ငရဲနဲ့ခြိမ်းခြောက်၊ ပတ်ဝန်းကျင်ရဲ့ ဖိအားနဲ့ ခြိမ်းခြောက်၊ အယူပျက်လို့ စွပ်စွဲနေသူတွေဟာ– အဲ့ဒီဘာသာရေးဆိုတာရဲ့ ခေါင်းဆောင်တွေလား၊ ဆိုတာကိုတောင် မတွေးရဲတဲ့အဆင့်– မိမိကိုယ်မိမိ စိတ်ဓါတ်ရေးရာ ကျေးကျွန်ဖြစ်နေရပြီ ဆိုတာ မစဉ်းတတ်ရင်– အဲ့ဒီလူမျိုးဟာ ပျက်သုဉ်းသွားဘို့ပဲ ရှိပါတယ်။

လူ့မျိုး တစ်မျိုး၊ လူ့အသိုင်းအဝိုင်းတစ်ခု၊ တိုင်းပြည်တစ်ပြည် တိုးတက်ဘို့ ကောင်းစားဘို့ ဆိုတာ– အဲ့ဒီမှာ ရှိတဲ့ လူတစ်ဦးချင်းစီက– မိမိဟာ လူသားဖြစ်တယ်၊ မိမိမှာ လူသားဉာဏ်ရည်ရှိတယ်၊ မိမိပိုင်ဆိုင်တဲ့ မိမိရဲ့ လူသားဉာဏ်ရည်ကို မိမိဘာသာလွတ်လပ်စွာ အသုံးပြုခွင့်– ရှိရမယ်ဆိုတဲ့– လူ့စိတ်ဓါတ်၊ သခင်စိတ်ဓါတ်ကို အရင်မွေးမြူရမယ်။ ရိုးသားရမယ်၊ ဖြောင့်မတ်ရမယ်။ အခြားသူတွေကို အဲ့ဒီလို တွေးရဲပြောရဲအောင် လေ့လာခိုင်း၊ စမ်းစစ်ခိုင်းရမယ်။ အတွေးအခေါ်တွေ ရင့်သန်လာဘို့ ဖေးမပေးရမယ်။ လူလူချင်း ဘာသာရေး လူတန်းစားနဲ့ လူသာမန်လူတန်းစားလို့ ခွဲခြားထားတဲ့ သိစိတ် မသိစိတ်တွေကို ဖျောက်ဖျက်နိုင်အောင် လေ့ကျင့်ပေးရမယ်၊–

အင်္ဂလိပ်စာ တတ်သူက အင်္ဂလိပ်စာအား အခြားသူတွေကို သင်ကြားပေးရင်း လာစာငွေယူသလို၊ အာရ်ဗီစာတတ်သူက အာရ်ဗီ စာကို၊ ပါဠိစာတတ်သူက ပါဠိစာကို၊ သက္ကတစာတတ်သူက သက္ကတစာကို၊ ပြင်သစ်စာတတ်သူက ပြင်သစ်စာကို သင်ကြား ပေးခြင်းဖြင့် လစာထောက်ပံ့တဲ့ စနစ်တွေကို ဖေါ်ဆောင်ပေးပြီး– ဒီစာပေကတော့ ဘာသာရေးစာပေ– အဲ့ဒါကို တတ်သူသည် သူများကို သင်ပေးသည် ဖြစ်စေ၊ မသင်ပေးသည် ဖြစ်စေ အလုပ်မလုပ်ဘဲ ကျွေးမွေးစောင့်ရှောက်ထားရမယ် ဆိုတဲ့ စနစ်ကို ဖျောက်ဖျက်နိုင်ရမယ်။

လူသားချင်းချင်း မေတ္တာထားတတ်တဲ့၊ ကိုယ်ချင်းစာတတ်တဲ့၊ လူ့ယဉ်ကျေးမှုတွေကို ကိုယ်စားပြုတဲ့– ဘာသာရေးစနစ်တွေကို သင်တန်းပေးရမယ်၊ အဲ့ဒီမှာ သင်တန်းပေးသူတွေဟာ– သူတို့တတ်သိထားတဲ့ ပညာရပ်တစ်ခုကို သွန်သင်တဲ့ ဆရာပဲ ဖြစ်စေရမယ်၊ ဘာသာရေး လူတန်းစား လက္ခဏာဆောင်တဲ့– သာမန်လူတွေထက် အဆင့်မြင့်သလိုလိုရှိတဲ့ သဘောကို ဆောင်လာရင် တိုက်ဖျက်ရမယ်။

ကျမ်းတော်မှာ ကြည့်ပါ၊ ကိုယ်တော်လု–တ်ရဲ့ လူမျိုး၊ ကိုယ်တော် ဆွာလေဟ်ရဲ့ လူမျိုး၊ ကိုယ်တော်ရှုအိုက်ရဲ့လူမျိုး၊ ကိုယ်တော်နူးဟ်ရဲ့ လူမျိုး––– ဒီလူမျိုးတွေအားလုံးဟာ– သူတို့ရဲ့ မိရိုးဖလာ ဘာသာရေး အကြီးအကဲတွေဆီမှာ အတွေးအခေါ် ကျွန်ခံရင်း ပျက်သုဉ်းသွားရတာပဲ မဟုတ်လား။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ကိုယ်တော်မှဟမ္မဒ်က ကျွန်တော်တို့တွေကို အတွေးအခေါ် ကျွန်မဖြစ်အောင် ဘာသာရေး လူတန်းစား လက္ခဏာမထူထောင်ဘို့ ပူဇော်ခံ လူတန်းစားကို တိုက်ဖျက်ဘို့ သွန်သင်ခဲ့တာပဲ မဟုတ်လား၊ ဒါပေမယ့်– ဒီနေ့ကျွန်တော်တို့ ဖြစ်နေပုံက၊ ဘာသာရေး လူတန်းစားဆိုသူတွေကို ထိုင်ပြီး ရှိမခိုးတာကလွဲပြီး– ကိုးကွယ်ပသထားတာနဲ့ ဘာများ ထူးခြားနေလို့လဲ။ သူတို့ပြောသမျှ– ဟုတ်ကဲ့ခင်ဗျ၊ အင်းခင်ဗျ ဘဝနဲ့ မိမိကိုယ် မိမိကြေနပ်နေကြတာပဲ။

သူတို့ရဲ့ အသိပညာ အတတ်ပညာကို လေးစားပါ၊ အသိအမှတ်ပြုပါ၊ ဒါပေမယ့်– ယုတ္တိရှိရှိ မရှိရှိ လက်ခံယုံကြည် လိုက်နာမယ်ဆိုတဲ့ ကျွန်စိတ်ကို ဖျောက်ကြပါ။ အသွင်ကို မြင်တိုင်း လေးစားကြည်ညို နာခံရမယ်ဆိုတဲ့ စိတ်ခါတ်ကို တော်လှန်ပါ။ လူ့အသိုင်းအဝိုင်း အနာဂါတ်မျိုးဆက်ကို အကျိုးပြုမယ့်– သွန်သင်ချက်တွေကို ထောက်ခံအားပေးရပါ။ မားမားရပ်ပေးရပါ။ အဲ့ဒီတော့မှ အဲ့ဒီလူမျိုးဟာ ဆက်လက်ရှင်သန်နိုင်မှာ ဖြစ်ပါတယ်။– ဒါ–ကုရ်အံက ချမှတ်သွန်သင်တဲ့ နိယာမ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်ကို ဆက်လက်ရှင်သန်စေချင်တဲ့ စေတနာရှိရင်တော့– ကျွန်တော်တို့ဟာ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကျွန်စိတ်ကို တော်လှန်ရမှာ ဖြစ်ပါတယ်။ ကျွန်စိတ်မှာ ဆက်လက် ဖက်တွယ်နေရင်– ကျွန်တော်တို့ဟာ ပျက်သုဉ်းရမယ့် လူမျိုး ဖြစ်တယ်– ဆိုတာ၊ နားလည်းစေချင်ပါတယ်။

ဌေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com